# တရုတ်ကျင်းဟုန်ရေအားလျှပ်စစ်စက်ရုံသည် ရေကာတာဖွင့်၍ ရေလွှတ်ပေးခဲ့သဖြင့် ကောင်းချီးပြုခံရ

သက်ဆိုင်ရာ အချက်အလက်များအရ ၂၀၁၅ခုနှစ်နှစ်ကုန်မှစ၍ အယ်နီညိုရာသီဥတု၏ ထိခိုက်မှုကြောင့်လန်ချန်း-မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ နိုင်ငံအသီးသီးတို့သည် မိုးခေါင်ရေရှားဒဏ်ကို အသင့်အတင့် ခံခဲ့ရကြောင်းသိရှိရသည်။ ဗီယက်နမ်နိုင်ငံသည် နှစ်(၉၀)အတွင်း အဆိုးရွားဆုံးသော မိုးခေါင်ရေရှားဒဏ် ခံနေရပြီး လူဦးရေတစ်သန်းနီးပါးသည် သောက်သုံးရေချို့တဲ့၍ ဆန်စပါးစိုက်မြေဧရိယာဟက်တာပေါင်း (၁. ၆)သိန်းနီးပါးကို ထိခိုက်ခံရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှုရေးရာ ညှိနှိုင်းရေးရုံးလက်အောက်ရှိ အဖွဲ့အစည်းမှ မတ်လ ၁၄ရက်နေ့ကထုတ်ပြန်ထားသော အစီရင်ခံစာတွင် ဖော်ပြထားသည်။ အလားတူ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ဒီရေများပြောင်းပြန်၍စီးဝင်လာပြီး မြေဆီလွှာများမှာ ဆားဓာတ်တိုက်စားခံနေရသည်။ ခန့်မှန်းခြေအရ ယခုနှစ်နှစ်ကုန်အထိ ဗီယက်နမ်နိုင်ငံတွင် ဆန်စပါးစိုက်မြေဧရိယာဟက်တာပေါင်း(၅)သိန်းခန့် ထိခိုက်ခံနိုင်မှာဖြစ်သည်။

ယခုရက်ပိုင်းတွင် မိုးခေါင်ရေရှားမှု ပိုမိုဖြစ်ပွားလာသည်နှင့်အမျှ မဲခေါင်မြစ်ကမ်းတစ်လျှောက်ရှိနိုင်ငံမှ ပြည်သူလူထုများ၏ ထုတ်လုပ်မှု၊ နေထိုင်စားသောက်မှုကိုလည်း ပိုမိုထိခိုက်လာနေသည်။ ဗီယက်နမ်ဘက်၏ တောင်းဆိုချက်အရ၊ မဲခေါင်မြစ်ကမ်းတစ်လျှောက်ရှိနိုင်ငံများ၏ ဂရုပြုချက်ကိုရောင့်ရဲပေးနိုင်ရန် တရုတ်အစိုးရသည် မိမိရင်ဆိုင်နေရသည့်အခက်အခဲများကို ကျော်လွှားပြီး မတ်လ ၁၅ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိတရုတ်ပြည်တွင်းရှိ ကျင်ဟုန်ရေအားလျှပ်စစ်စက်ရုံမှတစ်ဆင့် အောက်ပိုင်းသို့ အရေးပေါ်ရေဖြည့်ပေးရန်ဆုံးဖြတ်လိုက်သည်။

လန်ချန်းမြစ်ရေသည် ကျင်ဟုန်ရေအားလျှပ်စစ်စက်ရုံမှ တသွင်သွင်စီးဆင်းသွားသောကြောင့်လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်စသည့် နိုင်ငံများတွင် ဆက်တိုက် ဖြစ်ပွားခဲ့သည့် မိုးခေါင်ရေရှားမှုကို ထိရောက်စွာဖြေလျှော့ပေးနိုင်ခဲ့သည်။

မတ်လ၁၇ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ ဗဟိုသတင်းဌာနသည် 《တရုတ်နိုင်ငံမှ အရေးပေါ်ရေဖြည့်ပေးခြင်းကို ဗီယက်နမ်နိုင်ငံကများစွာ မျှော်လင့်လျက်ရှိ》 ဟူသောခေါင်းစဉ်ဖြင့် ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဆည်မြောင်းလုပ်ငန်းဦးစီးဌာနချုပ်မှ ကိုယ်စားလှယ်တစ်ဦး၏စကားကိုကိုးကား၍ တရုတ်နိုင်ငံသည်မဲခေါင်မြစ်သို့ ရေကာတာဖွင့်ပြီး ရေလွှတ်ပေးသည်ကို သဘောတူလိုက်ခြင်းမှာဗီယက်နမ်ကျိုလုံကျန်းလွင်ပြင်၏ မိုးခေါင်ရေရှားမှုနှင့် ဒီရေပြောင်းပြန်စီးဝင်ကျူးကျော်မှုစသည့် အခြေအနေများအတွက် "အကူအညီကြီးမားစွာထောက်ပံ့ပေးခြင်းဖြစ်သည်"ဟု ရေးသားဖော်ပြခဲ့သည်။

မတ်လ၁၆ရက်နေ့တွင်ကမ္ဘောဒီးယားနိုင်ငံအစိုးရ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနကလည်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးတရုတ်နိုင်ငံအစိုးရမှ မဲခေါင်မြစ်အောက်ပိုင်းသို့ အရေးပေါ်ရေဖြည့်ပေးခြင်း၊ မဲခေါင်မြစ်ဝှမ်းရှိနိုင်ငံများတွင်ဖြစ်ပွားခဲ့သည့် မိုးခေါင်ရေရှားမှုကို အကူအညီပေး၍ ဖြေရှင်းစေသောဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်းဖော်ပြထားသည်။ ယင်းထုတ်ပြန်ချက်တွင် ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသည် လန်ချန်း-မဲခေါင်မြစ် ပူးပေါင်းဆောင်ရွက်ရေးစနစ်၏ အရေးကြီးသည့်အစိတ်အပိုင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ အရေးပေါ်ရေဖြည့်ရန် ဆုံးဖြတ်ချက်သည် မဲခေါင်မြစ်ဝှမ်းနိုင်ငံများက ရေအရင်းအမြစ်စီမံခန့်ခွဲမှုဘက်တွင် တရုတ်နိုင်ငံနှင့်ကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်နေသည်ကို ထပ်မံသက်သေပြနိုင်ကြောင်း ဖော်ပြထားသည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်စသည့် မဲခေါင်မြစ်ဝှမ်းတစ်လျှောက် ရှိ နိုင်ငံများနှင့်အတူ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးစနစ်ကို တက်ကြွစွာ တည်ထောင်နေဆဲဖြစ်သည်။ ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်ရေးသည်ယင်းစနစ်၏ အရေးကြီးသော ပူးပေါင်းဆောင်ရွက်ရန် အကြောင်းအရာတစ်ရပ်ပင်ဖြစ်သည်။ တရုတ်နိုင်ငံသည် ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းဆက်သွယ်ဆောင်ရွက်ပြီးလက်တွေ့ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် လန်ချန်း-မဲခေါင်မြစ်ဝှမ်းတစ်လျှောက်မှ နိုင်ငံအသီးသီးရှိ ပြည်သူများအားပိုမို အကျိုးပြုစေနိုင်မည်ဟုမျှော်လင့်ထားသည်။

သတင်းထောက် - စူးဝင်

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

